## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

## { နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၅/၂၀၁၅)

| | |
|---|---|
| ဦးရဲကျော်မင်း( ညိုငြိမ် )<br>ဂျိုကာသောက်ရေသန့်စက်ရုံ၊<br>အမှတ်(၁၈၈)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးရဲညွန့်ဝင်း(ယာဉ်မောင်း)<br>အမှတ်(၉၄၅)၊ တောင်ညိုလမ်း၊<br>(၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မင်းကြီးမဟာမင်းခေါင်လမ်း၊ အမှတ်(၁၈၈)ရှိ ဂျိုကာသောက်ရေသန့်စက်ရုံ ညိုငြိမ် ဦးရဲကျော်မင်းနှင့် အလုပ်သမား ဦးရဲညွန့်ဝင်း(ယာဉ်မောင်း)တို့အကြားဖြစ်ပွားသော အငြင်းပွားမှုကိုဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ ညှိနှိုင်းဖျန်ဖြေရာတွင် ပြေလည်မှုမရရှိသည့်အတွက် လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၆၇/၂၀၁၅)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်မှထုတ်ပယ်သည့်အတွက် နစ်နာကြေးရယူလိုကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် အဆိုပါခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး၊ အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်မှထုတ်ပယ်သည့်အတွက်နစ်နာကြေးရယူလိုကြောင်းတောင်းဆိုခြင်းဖြစ်၍ အလုပ်ထုတ်နစ်နာကြေးပေးသင့်/မသင့်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) ယာဉ်မောင်း ဦးရဲညွန့်ဝင်းအား အလုပ်မှရပ်ဆိုင်းခြင်းခံရသဖြင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၈၄/၂၀၁၅)အရ အလုပ်သမားအားလုပ်သက်အလိုက် အလုပ်ရပ်စဲမှုနစ်နာကြေးအား ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ(OTမပါ )ဖြင့်အောက်ပါအတိုင်းပေးရန်ဆုံးဖြတ်သည်။

| စဉ် | အမည် | လုပ်သက် | အလုပ်ရပ်စဲမှုနစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁။ | ဦးရဲညွန့်ဝင်း | ၁၁ နှစ် ၂ လ | ၁၆၀၀၀၀ိ/-x၈=၁၂၈၀၀၀၀ိ/- | ၁၂၈၀၀၀၀ိ/- |

၅။ အဆိုပါ ဆုံးဖြတ်ချက်အပေါ် ပြန်လည်ဆုံးဖြတ်ပေးပါရန် ခုံသမာဓိကောင်စီသို့ ဆက်လက်တင်ပြ လျှောက်ထားခဲ့သည့်အတွက် ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ်(၄၆/၂၀၁၅)အဖြစ် ပြန်လည်ကြားနာစစ်ဆေးဆုံးဖြတ်ပေးရန် အစိုးရ ကိုယ်စားလှယ် ဦးသောင်းစိန် (ဥက္ကဋ္ဌ)၊ အဖွဲ့ဝင်များအဖြစ် အလုပ်ရှင်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးဌေး တို့ပါဝင်သည့် ခုံအဖွဲ့ကိုဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ဤအငြင်းပွားမှုနှင့်စပ်လျဉ်း၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ မှတ်တမ်းများ၊ ရန်ကုန်တိုင်း ခုံသမာဓိအဖွဲ့၏ စစ်ဆေးထွက်ဆိုချက်မှတ်တမ်းများ၊ခုံအဖွဲ့ရှေ့မှောက်သို့ ဆင့်ဆိုခေါ်ယူ၍ ကြားနာစစ်ဆေးမေးမြန်းရရှိသည့်အချက်များအပေါ် အခြေပြု၍ အောက်ပါကောက်ချက်ကို ရေးဆွဲချမှတ်ခဲ့သည်-

**ကောက်ချက်အမှတ်(၁)။** အလုပ်မှရပ်စဲသည့်အတွက် နစ်နာကြေးပေးရန် သင့်/မသင့်နှင့် အလုပ်ရပ်စဲမှုအတွက် နစ်နာကြေး မည်မျှပေးသင့်/မသင့်။

သုံးသပ်ချက်အမှတ်(၁)။

ဤအငြင်းပွားမှုတွင် အလုပ်သမား ယာဉ်မောင်း ဦးရဲညွန့်ဝင်း၏ နောက်ဆုံးထုတ်အခြေခံလစာမှာ ၁၆၀၀၀၀/-ကျပ်ဖြစ်ကြောင်း နှစ်ဖက်စလုံးမှ ထွက်ဆိုချက်တူညီမှုရှိပြီး ဦးရဲညွန့်ဝင်းမှ ၎င်း၏ အလုပ်စတင်ဝင်ရောက်သည့်ရက်စွဲမှာ ၁၅-၆-၂၀၀၆ ဟုတင်ပြထွက်ဆိုသော်လည်း စက်ရုံ တာဝန်ခံ ဦးရဲကျော်မင်းမှ အလုပ်သမား၏ အလုပ်စတင်ဝင်ရောက်သည့်ရက်စွဲမှာ ယခင်မှတ်တမ်းအရ ၁၅-၇-၂၀၀၈ ဟု တင်ပြထွက်ဆိုခဲ့ကြသော်လည်း နှစ်ဖက်စလုံးမှသက်သေခံ စာရွက်စာတမ်းအထောက်အထား၊ ငြင်းပယ်ချက်အထောက်အထားများကို ခိုင်လုံစွာတင်ပြနိုင်ခြင်းမရှိပါ။

ယာဉ်မောင်း ဦးရဲညွန့်ဝင်း၏ ၁-၇-၂၀၁၅ ရက်နေ့မှ ၂၁-၂-၂၀၁၅ ရက်နေ့အထိ လုပ်ခလစာကျန်ငွေ ၁၄၁၀၇၄⁰/-ကျပ် ကျန်ရှိကြောင်းကို နှစ်ဖက်စလုံးမှ ထွက်ဆိုတင်ပြထားသည်။

စက်ရုံတွင် ယခင် ပိုင်ရှင်လက်ထက်၌ EC စာချုပ် ချုပ်ဆိုထားမှုရှိသော်လည်း ပိုင်ရှင်သစ် ဒေါ်မိုးစန္ဒာမျိုးဦးလက်ထက်တွင် အသစ်ထပ်မံချုပ်ဆိုထားမှုမရှိကြောင်းစစ်ဆေးတွေ့ရှိရပါသည်။

ယာဉ်မောင်း ဦးရဲညွန့်ဝင်းသည် စက်ရုံတွင် အလုပ်အကိုင်ဆိုင်ရာစည်းကမ်းချိုးဖောက်ခြင်းနှင့် စပ်လျဉ်း၍ အလုပ်ရှင်မှ ဝန်ခံကတိလက်မှတ်ရေးထိုးမှုမှတ်တမ်း၊ သတိပေးစာထုတ်ပြန်ထားမှုမှတ်တမ်းများ တင်ပြနိုင်ခြင်းမရှိခဲ့ပါ။ အဆောင်နေ အမျိုးသမီးစာရေးဖြစ်သူ ဒေါ်အိမြတ်မွန်နှင့် လူမှုရေးအရှုပ်အရှင်းများဖြစ်ပွားမှုမရှိစေရန်အတွက် ဆုံးမဆောင်ရွက်ရာမှ အလုပ်ခွင်ဆိုင်ရာအငြင်းပွားမှုပေါ်ပေါက်လာခြင်းဖြစ်ကြောင်း သုံးသပ်သည်။

သို့ဖြစ်၍ ကာယကံရှင် ယာဉ်မောင်း ဦးရဲညွန့်ဝင်းနှင့် စာရေးဖြစ်သူ ဒေါ်အိမြတ်မွန်တို့နှစ်ဦးအနက် စာရေးဖြစ်သူ ဒေါ်အိမြတ်မွန်သည် ၂၁-၇-၂၀၁၅ ရက်နေ့တွင် ၎င်း၏ဆန္ဒအလျောက်အလုပ်ထွက်စာကို တင်ပြနှုတ်ထွက်ခဲ့ပြီး ဦးရဲညွန့်ဝင်းမှ လက်ခံဆောင်ရွက်ခြင်းမရှိကြောင်း သုံးသပ်ပါသည်။

ယာဉ်မောင်း ဦးရဲညွန့်ဝင်းသည် အဆောင်တွင် စည်းကမ်းနှင့်အညီ နေထိုင်ခြင်းမရှိသဖြင့် အလုပ်ရှင်မှ ၎င်းအားအဆောင်တွင်

နေထိုင်ခွင့်မပြုတော့ဘဲ အဆောင်မှပြောင်း ရွှေ့ရန်အတွက် ၂၂-၇-၂၀၁၅ ရက်နေ့တွင် နေအိမ်ရှာဖွေငှားရမ်းရသဖြင့် ၂၃-၇-၂၀၁၅ ရက်နေ့မှသာပြောင်းရွှေ့နေထိုင်ခဲ့ရပြီးနောက် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်ရန် ဆက်သွယ်ရာတွင် ယာဉ်မောင်းအသစ်ခန့်ထားပြီးဖြစ်ကြောင်းနှင့် အလုပ်ရှင်မှ ၎င်းအား အလုပ်မှရပ်စဲခဲ့ကြောင်းကို သိရှိခဲ့ရသဖြင့်နို့တစ်စာပေးခြင်း၊ အလုပ်မှထုတ်ပယ်ကြောင်းစာ ပေးခြင်းများမရှိဘဲ မတရားအလုပ်မှရပ်စဲခံရသည်ဟု ခံစားရသဖြင့် အငြင်းပွားမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယာဉ်မောင်းရဲညွှန့်ဝင်း၏ ဆန္ဒမှာလည်း ဥပဒေနှင့်အညီ အလုပ်ထုတ်နစ်နာကြေးရရှိရန်နှင့်လုပ်ခလစာကျန်ငွေရရှိရန်တောင်းဆိုခဲ့သဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ရန်ကုန်တိုင်း ခုံသမာဓိအဖွဲ့မှ တဆင့် ခုံသမာဓိကောင်စီအဆင့်သို့ အဆင့်ဆင့်တင်ပြဆောင်ရွက်ခဲ့ပါသည်။

အလုပ်ရှင်သည် ယာဉ်မောင်း ဦးရဲညွှန့်ဝင်းနှင့် စာရေး ဒေါ်အိမြတ်မွန်တို့အား အလုပ်မှနုတ်ထွက်ရန် ဖိအားပေးခဲ့ဖွယ်ရှိကြောင်းနှင့် ၎င်းတို့သဘောဆန္ဒအရ နုတ်ထွက်ပါက ဥပဒေနှင့်အညီ ခံစားခွင့်များ အလုပ်ရှင်မှ ထုတ်ပေးရန် မလိုဟုမှတ်ယူထားကြောင်း သုံးသပ်ရရှိသည်။

ယာဉ်မောင်း ဦးရဲညွှန့်ဝင်း၏ လုပ်သက်အမှန်အား ခိုင်လုံသောသက်သေအထောက်အထား တင်ပြရန်တာဝန်သည် အလုပ်ရှင်၌ တာဝန်ရှိသော်လည်း တင်ပြနိုင်ခြင်းမရှိပေ။

အထက်ပါကောက်ချက်၊ သုံးသပ်ချက်များအရ ခုံအဖွဲ့မှ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်-

**ဆုံးဖြတ်ချက်အမှတ်(၁)။**

ယာဉ်မောင်း ဦးရဲညွှန့်ဝင်းအား အလုပ်မှထုတ်ပယ်ခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်ရရှိခြင်း၊ အလုပ်ခွင်စည်းမျဉ်း၊ စည်းကမ်းအရ ဆောင်ရွက်ထားမှုမရှိခြင်းတို့ကြောင့် လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေးနှင့် လုပ်ခလစာကျန်ငွေအား အောက်ပါအတိုင်းပေးရန် ဆုံးဖြတ်သည်-

| | အမည် | လုပ်သက် | လုပ်ခလစာ | အလုပ်ထုတ်နစ်နာကြေး | လုပ်ခလစာ ကျန်ငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | ဦးရဲညွှန့်ဝင်း | ၉ နှစ်ကျော် | ၁၆၀၀၀၀/- | ၁၆၀၀၀၀/-x၆လ=၉၆၀၀၀၀/- | ၁၄၁၀၇၄/- | ၁၁၀၁၀၇၄/- |

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

၇။ တောင်းဆိုသူအားပေးရန်ရှိသောငွေများကိုဤဆုံးဖြတ်ချက်ချသည့်နေ့ရက်မှစ၍ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးမောင်မောင်ဝင်း | ဦးသောင်းစိန် | ဦးငွေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |